# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 16, 2025 Volume 91, Number 11


၁၆.၆.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၂.၄၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၀.၂၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၅၃.၉၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၄၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၄၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၃၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၅.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပဲကြီး၊ ပဲနီပြာ၊ ကျွန်းစားတော်ပဲ အနည်းငယ်ဈေးပြန်တက်လာသော်လည်း ပို့ကုန်ပဲများနှင့် မြေပဲဆန် အနည်းငယ်ဈေးကျဆင်းနေ



ပြည်တွင်းသုံးပဲမာလိုင်းမှ ပဲကြီး၊ ပဲနီပြာ၊ ကျွန်းစားတော်ပဲ အနည်းငယ်ဈေးပြန်တက်လာသော်လည်း ပို့ကုန်ပဲများနှင့် မြေပဲဆန်အနည်းငယ် ဈေးကျဆင်းနေကြောင်း ကုန်သည်များထံကသိရသည်။

ပို့ကုန်ပဲများတွင် မတ်ပဲမှာတက်ရိပ်ပြနေသော်လည်း ပဲစင်းငုံ ဈေးငြိမ်အဝယ်အေးနေကြောင်း ပြည်တွင်းသုံးပဲမာလိုင်းများ ဈေးကျဆင်းမှုမရှိသလို ပဲမာလိုင်းအချို့ အမြင့်ဈေးဖြစ်လာသကဲ့သို့ ဈေးကွက်ပေါက်ဈေးအတိုင်း အရောင်းအဝယ်သွက်နေကြောင်း၊ လက်ရှိ ပြည်တွင်းပဲဆီ ဝယ်လိုအားနည်းသောကြောင့် မြေပဲဆန်အမျိုးအစားအလိုက် အနည်းငယ်ဈေးကျဆင်းလာကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

"ပြည်တွင်း ပဲဆီဝယ်လိုအား အနည်းငယ်ကျဆင်းလာတာနဲ့အတူ မြေပဲဆန်ဈေးတွေလည်း အနည်းငယ်ကျဆင်းလာပါတယ်။ အရင်သီတင်းပတ်က ရှမ်းမြေပဲဆန်ဆိုရင် တစ်ပိဿာငွေကျပ် ၈၉၀၀-၉၀၀၀ ပေါက်ဈေးရှိနေတာကနေ လက်ရှိမှာ ငွေကျပ် ၈၄၀၀ သာပေါက်ဈေးရှိတော့တယ်။အညာမြေပဲဆန်တွေဆိုရင် တစ်ပိဿာငွေကျပ် ၉၇၀၀ ကနေ ၉၃၀၀-၉၄၀၀သာပေါက်ဈေးရှိတော့တယ်။ ဈေးကျဆင်းရတာကတော့ မြေပဲဆီ အရောင်းအေးနေလို့ပါ။ ပြည်တွင်းသုံးကုလားပဲကလည်းဒီကာလမှာ စားသုံးမှုကျဆင်းလို့ အရောင်းအေးနေပါတယ်။ပဲမာလိုင်းမှာလည်း ပဲကြီး၊ ပဲနီပြာ၊ ကျွန်းစားတော်ပဲ အနည်းငယ်ဈေးပြန်တက်လာသလို အခြားပဲမာလိုင်းတွေကလည်း ဈေးကျဆင်းမှု မရှိတော့ပါဘူး။

"လက်ရှိမှာ ပြည်တွင်းသုံးပဲတွေကတော့ ဈေးအတက်အကျ အနည်းငယ်ရှိသော်လည်း ပေါက်ဈေးအတိုင်း အရောင်းအဝယ်သွက်နေပါတယ်။ ပို့ကုန်ပဲတွေမှာ မတ်ပဲ၊ ပဲစင်းငုံကတော့ အရောင်းအဝယ်အေးနေတာပါ" ဟု ၎င်းကပြောသည်။

ဇွန် ၉ ရက်တွင် ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀-၂၆၁,၀၀၀၊ မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၀,၀၀၀-၂၈၁,၀၀၀၊ ပဲတီစိမ်း (အညာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၀,၀၀၀ ပေါက်ဈေးရှိနေပြီး မေလကုန်ပိုင်းထက် ဈေးကျဆင်းနေသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ မေလကုန်ပိုင်းရက်များထက် ဈေးအနည်းငယ်အတက်ရှိသော်လည်း အရောင်းအဝယ်အေးနေရာ V2 ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၆,၀၀၀၊ V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၈,၀၀၀၊ ထိုင်ဝမ် ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၈,၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၈,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများတွင် ပဲကြီး၊ကျွန်းစားတော်ပဲနှင့် ပဲနီပြာတို့မှာ အမြင့်ဈေးတွင်ဆက်လက်ရှိနေရာ ဇွန် ၉ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၂၀,၀၀၀-၃၂၅,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၇၀,၀၀၀- ၄၈၀,၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၄၂၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၂၅,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၁၅,၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၇၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်း ပဲဆီ ရောင်းအားအနည်းငယ်ကျဆင်းမှုကြောင့် နှမ်းဈေးမျိုးစုံနှင့်မြေပဲဆန်များ အနည်းငယ်ကျဆင်းနေရာ နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၈၀,၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၀၂,၀၀၀၊ နှမ်းဖြူ (ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄,၀၀၀၀၊ မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၇၀၀-၁၀,၀၀၀၊ မြေပဲဆီတစ်ပိဿာလျှင်ငွေကျပ် ၁၈,၀၀၀-၁၈၅၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၄၉၀၀-၄၉၅၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၉-၆-၂၀၂၅ မှ ၁၃-၆-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၈၁,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၂၉၆,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၇၆၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၁၆,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၆,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop) ကျပ် ၃၈,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/ RC (2024 Crop) ကွန်တိန်နာ ၆၀ လုံး (တန်ချိန် ၁၄၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၈,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၁၅၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်းငရုတ်သီးများဈေးငြိမ်လျက်ရှိသည်။ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၁၈၀၀ (၃၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၂၆၀၀ (၅၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၈၀၀(၁၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၅၀ (၂၂၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၅၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၅၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြမ်း ကျပ် ၅၆၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၇၂၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၉-၆-၂၀၂၅ မှ ၁၃-၆-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၄၀၀၊ ဆိပ်ဖြူ လတ်ချော ကျပ် ၁၀၀၀၊ မုံရွာသစ်ရှယ် ကျပ် ၁၅၀၀၊ မုံရွာ လတ်ကြီး ကျပ် ၁၅၀၀၊ မုံရွာလတ်သန့် ကျပ် ၁၄၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀ ၊ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၊ မုံရွာသစ်ရှယ် ကျပ် ၁၀၀၊ မုံရွာ လတ်ကြီး ကျပ် ၂၀၀၊ မုံရွာလတ်သန့် ကျပ် ၂၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကျန်ကြက်သွန်နီများ ဈေးငြိမ် လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင် အပတ်က ကားစီးရေ ၁၂၀ စီး (၇၂၀,၀၀၀ ပိဿာ) ဝင်ရောက် ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၇၀ စီး (၁,၀၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅၀ စီး (၃၀၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန် ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၉၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၅၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်ကကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၃၄၀၀ (၁၀၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန် ဖြူအိတ် ၄၀၀၀ (၁၂၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၆၀၀ (၁၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဟဲဟိုးမြို့နှင့်တရုတ်မှအာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်း များမှာ ဟဲဟိုး A1 ကျပ် ၂၇၀၀၊ ဟဲဟိုး Ok ကျပ် ၃၀၀၀ ၊ ဟဲဟိုး S1 ကျပ် ၃၀၀၀၊ ဟဲဟိုး S2 ကျပ် ၂၈၀၀ နှင့် တရုတ် အာလူး ကျပ် ၃၃၀၀ ဈေးဖြစ်ခဲ့သည်။တစ်ပတ်အတွင်းအာလူးများဈေး ငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၄၀ စီး (၂၄၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခု အပတ်တွင် ကားစီးရေ ၄၂ စီး (၂၅၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီး ရေ ၂ စီး (၁၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးမက်ထရစ်တန်လေးသောင်းကျော် တင်ပို့နိုင်



ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်လတာကာလအတွင်း ရေထွက်ကုန် ငါးမက်ထရစ်တန် လေးသောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေမေလ ၃၁ ရက်အထိ နှစ်လတာကာလအတွင်း ငါးမက်ထရစ်တန် ၄၃၆၆၅ ဒသမ ၈၅၈ တန် တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၄၇၆ သန်း ရရှိခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်ဧပြီလ ၁ ရက်မှ မေလ ၃၁ ရက်အထိ နှစ်လတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၂၁,၀၉၂ ဒသမ ၁၂၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၁၉၂ သန်းရရှိခဲ့သည်။ နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၂၂,၅၇၃ ဒသမ ၇၃၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၈ ဒသမ၂၈၄ သန်းရရှိသည့်အတွက် ပြည်ပသို့ ငါးစုစုပေါင်း မက်ထရစ်တန် ၄၃,၆၆၅ ဒသမ ၈၅၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၄၇၆ သန်း ရရှိကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကာလတူအချိန်က ပြည်ပသို့ ငါးမက်ထရစ်တန် ၄၇၇၁၉ ဒသမ ၅၂၃ တန်တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၅၁ ဒသမ ၆၀၁ သန်းရရှိခဲ့ကြောင်း သိရသည်။

ပြည်ပသို့ရေထွက်ကုန်ပစ္စည်းများတင်ပို့ရာတွင် တရုတ်နိုင်ငံ၊ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ဂျပန်နိုင်ငံစသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့လျက်ရှိသည့်အပြင် နယ်စပ်ကုန်သွယ်ရေးစခန်းများမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆,၁၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆,၁၁၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်းထုတ် ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ

ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**Source :** https://www.doca.gov.mm/

## မကွေးမြို့၊ စည်ပင်သာယာဈေးများ၌ ခရမ်းချဉ်သီးဈေးနှုန်းမြင့်တက်



မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ စည်ပင်သာယာဈေးများ၌ ခရမ်းချဉ်သီးကို မကွေးမြို့နယ်အတွင်းရှိ ကျစ်စုံပွေး၊ သပြေစမ်း၊ မြင်းကင်း၊ ချောင်းဖြူ၊ သဘော်ဆိပ်၊ ဝါးတောချောင်းနှင့် မင်းဘူးမြို့ရှိ ကျောက်တန်းကျေးရွာများမှထွက်ရှိသည့် ခရမ်းချဉ်သီးများအပြင် ရှမ်းပြည်နယ်၊ အင်းလေးဒေသမှ မှာယူရောင်းချလျက်ရှိရာ အင်းလေးမျိုးများသည် အခွံထူ၍အထားခံပြီး ဒေသတွင်း ခရမ်းချဉ်သီးသည် အခွံပါးပြီး အချဉ်ဓာတ်များသည့်အပြင် ကြေလွယ်သည့်အတွက် ဒေသထွက်ခရမ်းချဉ်သီးကိုသာ စားသုံးမှုပိုများကြောင်း၊ ယခုအချိန်တွင် ဒေသတွင်း ခရမ်းချဉ်သီးများ ထွက်ရှိခြင်းမရှိဘဲ အင်းလေးဒေသထွက် ခရမ်းချဉ်သီးကိုသာ မှာယူရောင်းချရသည့်အတွက် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် သယ်ယူစရိတ်မြင့်မား၍ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ ဖွန်လ(ဒုတိယပတ်)တွင် ခရမ်းချဉ်သီး ၁ ပိဿာလျှင် ကျပ် ၄၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဖွန်လ(ပထမပတ်)နှင့်နှိုင်းယှဉ်ပါက ကျပ်(၁၀၀၀)ဈေးနှုန်းမြင့်တက်လာကြောင်း၊ ထပ်မံ၍လည်း ဈေးမြင့်တက်မည့် အခြေအနေရှိကြောင်း သိရသည်။

**Source : DOCA(မကွေး)**

https://www.doca.gov.mm/

TIR

## ၁၈ စက္ကန့်ဖြင့် EV ကားများ အားပြည့်မည့်ဘက်ထရီ မိတ်ဆက်



လျှပ်စစ်ကားတစ်စီးလုံးကို ၁၈ စက္ကန့်တည်းနဲ့ မျက်စိတစ်မှိတ်အတွင်း အားအပြည့်သွင်းနိုင်မဲ့ ဘက်ထရီကို ဗြိတိန်အခြေစိုက် RML Groupက မိတ်ဆက်လာပါတယ်။ RML Group က ကမ္ဘာပေါ်မှာ ပါဝါသိပ်သည်းဆ အမြင့်ဆုံးဖြစ်တဲ့ VarEVolt လျှပ်စစ်ဟိုက်ပါကားဘက်ထရီကို ထုတ်ဖော်ပြသခဲ့တာပါ။

VarEVolt ဘက်ထရီဟာဆိုရင် ၁၈ စက္ကန့်အချိန်ပေးလိုက်တာနဲ့ လျှပ်စစ်ကားကို အားအပြည့် ပြန်ဖြည့်ပေးနိုင်မှာဖြစ်တယ်လို့ ကုမ္ပဏီအကြီးအကဲတစ်ယောက်က ပြောပါတယ်။

ဒါဟာ လျှပ်စစ်ကားသုံးစွဲသူတွေရဲ့ အကြီးမားဆုံးစိုးရိမ်မှုဖြစ်တဲ့ အားသွင်းချိန်ကြာမြင့်တဲ့ပြဿနာကို တစ်ချက်တည်းနဲ့ ဖြေရှင်းပေးလိုက်တာဖြစ်ပါတယ်။ Conformity of Production(CoP) ခွင့်ပြုချက်ရရှိပြီးနောက် VarEVolt လျှပ်စစ်ဟိုက်ပါကားဘက်ထရီကို ထုတ်လုပ်ခဲ့တာဖြစ်တယ်လို့ ကုမ္ပဏီက ထုတ်ပြန်ထားပါတယ်။

VarEVolt ဘက်ထရီဟာ ကမ္ဘာပေါ်မှာရှိတဲ့ လျှပ်စစ်ကားတွေအတွက် အစွမ်းထက်ဆုံးဘက်ထရီဖြစ်လာမယ်လို့ လေ့လာသူတွေကခန့်မှန်းထားကြပါတယ်။အဲဒီဘက်ထရီကနေ ဓာတ်အား 6 kW ထုတ်ပေးနိုင်မှာဖြစ်တယ်လို့ကုမ္ပဏီအမှုဆောင်အရာရှိချုပ်က ပြောပါတယ်။


RML Group ဟာ လျှပ်စစ်ကားတွေအတွက် လိုအပ်ချက်တွေကိုရှာဖွေရင်း အခက်အခဲတွေကြားက VarEVolt ကို ဖန်တီးခဲ့တာဖြစ်ပြီးအဲဒီမတိုင်မီကအတွင်းလောင်ကျွမ်းမှုအင်ဂျင်ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်ခဲ့တာဖြစ်ပါတယ်။VarEVolt ဘက်ထရီ

စနစ်မှာ မော်ဂျူလာဒီဇိုင်းပါရှိပြီး မတူညီတဲ့ ပါဝါနဲ့စွမ်းရည်လိုအပ်ချက်တွေအတွက် လိုက်လျောညီထွေ ဖြစ်စေနိုင်ပါတယ်။

RML Group ဟာ အနာဂတ်မှာ လျှပ်စစ်ကားတွေအတွက် ခေတ်မီတဲ့ကိရိယာတွေကို ပေးဆောင်နိုင်ဖို့ ကြိုးပမ်းသွားမဲ့အပြင် ဟိုက်ပါကားထုတ်လုပ်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့လည်း စီစဉ်ထားပါတယ်။

**Source :** https://onenewstvchannel.com/

## ကမ္ဘောဒီးယားမှ တရုတ်နိုင်ငံသို့ ငှက်ပျောသီးတင်ပို့မှု မြှင့်တင်မည်



တရုတ်ကုမ္ပဏီတစ်ခုဖြစ်သော Cambodian Banana Agricultural (CBA) အထွေထွေ ကုမ္ပဏီလီမိတက်သည် စိုက်ပျိုးမြေဧရိယာနှင့်ထောက်ပံ့ရေးကွင်းဆက်တို့ကို ချဲ့ထွင်ခြင်းဖြင့် ယခုနှစ်အတွင်း လတ်ဆတ်သော သီးမွှေးငှက်ပျောသီးအဝါ တန် ၃၀,၀၀၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ရန် စီစဉ်ထားသည်။

ဇွန်လ ၆ ရက်နေ့တွင် အဆိုပါကုမ္ပဏီကကျင်းပခဲ့သည့် လတ်ဆတ်သောငှက်ပျောသီး ထုတ်လုပ်ထောက်ပံ့မှု ကွင်းဆက်ဆိုင်ရာ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီးနောက် ကမ္ဘောဒီးယား စိုက်ပျိုးရေး၊သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာနမှအတွင်းဝန် Kong Chanvisal က ၎င်းကုမ္ပဏီ ၏ ရှေ့လုပ်ငန်းစဉ်များကို ပြောကြားခဲ့သည်။

CBA ကုမ္ပဏီသည်စိုက်ခင်းဧရိယာဟက်တာ ၅၀၀ မှငှက်ပျောသီးခိုင်များကို ခုတ်ယူထုတ်လုပ်လျက်ရှိကြောင်း၊ နောက်ထပ်မြေဧရိယာ ဟက်တာ ၂၀၀ တွင်လည်း တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ၂၀၂၆ ခုနှစ်တွင် ငှက်ပျောသီးများ ထွက်ရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ လက်ရှိအချိန်တွင် ကုမ္ပဏီသည် ပြည်တွင်းရှိ ဆူပါမားကက်များသို့ လတ်ဆတ်သောငှက်ပျောသီးများ ပေးသွင်းလျက်ရှိပြီး တရုတ်နိုင်ငံသို့လည်း တင်ပို့လျက်ရှိကြောင်း၊ ကုမ္ပဏီအနေဖြင့် ၂၀၂၄ ခုနှစ်၌ ငှက်ပျောသီးတန်ချိန် ၂၀,၀၀၀ တင်ပို့ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၃၀,၀၀၀ အထိ တိုးမြှင့်တင်ပို့ရန် ရည်မှန်းထားကြောင်း Kong Chanvisal က ပြောကြားခဲ့သည်။

CBA ကုမ္ပဏီသည် ၂၀၂၀ ပြည့်နှစ်မှစတင်၍ ကမ္ဘောဒီးယားနိုင်ငံ၌ ငှက်ပျောစိုက်ခင်းများ စိုက်ပျိုးထုတ်လုပ်မှုတွင် ပထမဆုံးအကြိမ် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ အဆိုပါ ရင်းနှီးမြှုပ်နှံမှုသည် ကမ္ဘောဒီးယားနိုင်ငံသား ၉၀၀ ကျော်အား အလုပ်အကိုင်များ ဖန်တီးပေးခဲ့ပြီးရပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းအသိုက်အဝန်းနှင့် ကုန်စည်စီးဆင်းမှု ဆိုင်ရာဆက်သွယ်မှုတို့ကိုလည်း အထောက်အကူဖြစ်စေခဲ့ကြောင်း သိရသည်။

Mr. Chanvisal က ကမ္ဘောဒီးယားနိုင်ငံတွင် သီးမွှေးငှက်ပျောစိုက်ခင်းဧရိယာ ဟက်တာ ၂၁,၀၀၀ ရှိပြီး လက်ရှိကာလ၌ ဟက်တာ ၁၅,၀၀၀ မှ အသီးခုတ်ယူထုတ်လုပ်လျက်ရှိရာ စုစုပေါင်း တန်ချိန် ၄၀၀,၀၀၀ ခန့် ထွက်ရှိကြောင်း၊ ငှက်ပျောသီး ပျမ်းမျှအထွက်နှုန်းမှာ ၁ ဟက်တာလျှင် ၂၅ တန် ရှိကြောင်း ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် ငှက်ပျောခြံ ၂၄ ခြံနှင့် လတ်ဆတ်သော ငှက်ပျောသီးများကို ထုပ်ပိုးသည့် စက်ရုံ ၃၆ ရုံတို့ကို တရားဝင်မှတ်ပုံတင်လျက် အသိအမှတ်ပြုထားပြီးဖြစ်သည်။

၂၀၂၄ ခုနှစ်၌ ကမ္ဘောဒီးယားနိုင်ငံသည် လတ်ဆတ်သော ငှက်ပျောသီး တန်ချိန် ၂၆၀,၀၀၀ ကို ပြည်ပသို့ တင်ပို့ခဲ့ရာတွင် ယင်းပမာဏ၏ ၉၅ ရာခိုင်နှုန်းဖြစ်သောတန်ချိန် ၂၅၀,၀၀၀ ကို တရုတ်ဈေးကွက်သို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။ ကျန်ရှိသော ၅ ရာခိုင်နှုန်းကိုမူ ဗီယက်နမ်၊ တောင်ကိုရီးယားနှင့် မလေးရှားနိုင်ငံများသို့ တင်ပို့ခဲ့သည်။

တရုတ်ကုမ္ပဏီများအား ကမ္ဘောဒီးယားနိုင်ငံတွင်အထူးသဖြင့်စိုက်ပျိုးရေးကဏ္ဍ၌ရင်းနှီးမြှုပ်နှံရန်၊အရည်အသွေးမြင့် ကမ္ဘောဒီးယား စိုက်ပျိုးရေးထွက်ကုန်များကို ရိတ်သိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် တရုတ်နှင့် ကမ္ဘာ့ဈေးကွက်များသို့ တင်ပို့ခြင်းများပြုလုပ် ရန် တိုက်တွန်းခဲ့ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါကုမ္ပဏီများ အောင်မြင်စွာလုပ်ကိုင်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်နှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် အသင့်ရှိကြောင်း အတွင်းဝန် Mr. Chanvisal က ဖြည့်စွက် ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်း စားနပ်ရိက္ခာ ဖူလုံမှုကို ရရှိစေခဲ့သည့်အပြင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံခန့်တန်ဖိုးရှိသော စိုက်ပျိုးရေး ထွက်ကုန်တန်ချိန် ၁၂ သန်းကျော်ကို နိုင်ငံပေါင်း ၉၅ နိုင်ငံသို့

တင်ပို့နိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့မှုများအနက် တန်ချိန် ၈ သိန်းကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

Source:PhnomPenhPost,7June2025

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## မလေးရှား၏ စားအုန်းဆီတင်ပို့မှု မေလ၌ ၂၅ ရာခိုင်နှုန်းမြင့်တက်



မလေးရှားနိုင်ငံ၏ စားအုန်းဆီ တင်ပို့မှုသည် ၂၀၂၅ ခုနှစ် ဧပြီလ၌ တန်ချိန် ၁ ဒသမ ၁၀ သန်းရှိရာ မှ ၂၅ ဒသမ ၆ ရာခိုင်နှုန်းပိုမိုလျက်မေလတွင် တန်ချိန် ၁ ဒသမ ၃၉ သန်းသို့ မြင့်တက်ခဲ့သည်ဟု မလေးရှား စားအုန်းဆီဘုတ်အဖွဲ့ (MPOB) က ပြောကြားခဲ့ကြောင်း မလေးရှားဆက်သွယ်ရေးဝန်ကြီးဌာန ပိုင် Bernama သတင်းအင်ဂျင်စီက ဖော်ပြသည်။

မလေးရှားနိုင်ငံသည် ၂၀၂၅ ခုနှစ်၊ ဧပြီလတွင် စားအုန်းဆီကြမ်း တန်ချိန် ၁ ဒသမ ၆၉ သန်းသာ ထုတ်လုပ်ခဲ့ပြီး မေလ၌ တန်ချိန် ၁ ဒသမ ၇၇ သန်း ထုတ်လုပ်နိုင်သည့်အတွက် ၅ ဒသမ ၁ ရာခိုင်နှုန်းတိုးလာ ကြောင်း MPOB ၏ နောက်ဆုံးထုတ် ပြန်သည့် စားအုန်းဆီလုပ်ငန်းစွမ်းဆောင်မှုဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆီအုန်းသီးအဆန် (Palm kernel) ထုတ်လုပ်မှုမှာ ဧပြီလ၌တန်ချိန် ၄၀၉,၀၉၇ ရှိရာမှ မေလတွင် ၄၂၀,၆၅၈ တန်သို့ မြင့်တက်ခဲ့ရာ ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ဆီအုန်းသီးအဆန်မှ ထုတ်လုပ်သည့် ဆီကြမ်းထုတ်လုပ်မှုအနေဖြင့်ဧပြီလတွင် တန်ချိန် ၁၇၆,၆၄၄ ရှိခဲ့ရာမှ မေလ၌ တန်ချိန် ၂၁၀,၅၁၂ ဖြစ်၍ ၁၉ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်နိုင်ပြီး ဆီအုန်းသီးအဆန် ကြိတ်ဖတ်ထွက်ရှိမှုသည် ဧပြီလတွင် တန်ချိန် ၁၉၂,၈၅၇ ဖြစ်ပြီး၊ မေလ၌တန်ချိန် ၂၃၁,၅၆၈ ဖြင့်၂၀ ဒသမ ၁ ရာခိုင် နှုန်းတိုးတက်လာကြောင်း MPOB က ပြောကြားခဲ့သည်။

သိုလှောင်မှုလက်ကျန်အနေဖြင့် စားအုန်းဆီကြမ်းလက်ကျန်မှာ ဧပြီလ၌ တန်ချိန် ၁ ဒသမ၀၅ သန်းရှိပြီး မေလတွင် တန်ချိန် ၁ ဒသမ ၁၀ သန်းဖြစ်ရာ ၉ ရာခိုင်နှုန်း မြင့်တက်လာသည်။ အလားတူ ပြုပြင်သန့်စင်ပြီးသော စားအုန်းဆီ လက်ကျန်မှာ ယခင်လ၌ တန်ချိန် ၈၁၄,၆၇၃ ရှိရာမှ မေလတွင် တန်ချိန် ၈၈၈,၃၄၃ အထိ တိုးတက်လာခဲ့သည်။ သို့ဖြစ်၍ စုစုပေါင်းစားအုန်းဆီ လက်ကျန်အနေဖြင့်ဧပြီလတွင် တန်ချိန် ၁ ဒသမ ၈၇ သန်းရှိရာမှ မေလတွင် တန်ချိန် ၁ ဒသမ၉၉ သန်း အထိ များပြားလာခဲ့သည်။

ဆီအုန်းသီးအဆန်မှ ကြိတ်ခွဲရရှိသည့်စားအုန်းဆီ (Palm Kernel Oil) တင်ပို့မှုအနေဖြင့် ဧပြီလ၌ ၉၈,၇၄၃ တန်ရှိရာမှ ၂၀ ဒသမ၇ ရာခိုင်နှုန်း ပိုမိုလျက် မေလတွင် ၁၁၉,၁၈၂ တန်သို့ တိုးတက်လာကြောင်း၊ ဆီအုန်းသီးအဆန်ကြိတ်ဖတ် တင်ပို့မှုသည်လည်း ယခင်လ ၁၄၀,၈၃၃ တန်မှ မေလ၌ ၁၉၃,၃၂၈ တန်ရှိသဖြင့် ၃၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း MPOB က ပြောကြားခဲ့သည်။

ဆီအုန်းကြိတ်ခွဲမှုမှရရှိသည့် စွန့်ပစ်ဓာတုဗေဒပစ္စည်း တင်ပို့မှုမှာ ဧပြီလတွင် ၂၁၉,၅၂၀ တန် ရှိရာမှ မေလ၌ ၂၃၂,၆၈၃ တန် တင်ပို့နိုင်သဖြင့် ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဇီဝဒီဇယ်တင်ပို့မှုအနေဖြင့်ယခင်လ ၂၃,၅၈၉ တန် တင်ပို့နိုင်ရာမှ မေလတွင် ၃၂,၈၄၈ တန်တင်ပို့နိုင်သည့်အတွက် ၃၉ ဒသမ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

မလေးရှားနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်မေလတွင် ပြည်ပမှစားအုန်းဆီကြမ်း (Crude Palm Oil) တင်သွင်းခဲ့ခြင်း မရှိကြောင်း၊ ဆီအုန်းသီးအဆန်မှ ထုတ်လုပ်သည့်စားအုန်းဆီ (Palm Kernel Oil) ကို ဧပြီလ တင်သွင်းမှုတန်ချိန် ၁၄,၂၈၇ အောက် ၄၃ ဒသမ၅ ရာခိုင်နှုန်းလျော့ကျလျက် ၈၀၇၄ တန် တင်သွင်းခဲ့ကြောင်း Bernama သတင်းဌာန၏ဖော်ပြချက်အရ သိရသည်။

**Source:Bernama,10th June,2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

# STOCK EXCHANGE (16.6.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 16th Jun. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,121 (Shares) | 25,074,300 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,600 | +0 | +0.00% | 6,600 | 6,600 | 6,600 | 634 | 4,184,400 | 33,109,694 | 218,524 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 600 | 1,770,000 | 38,929,150 | 114,841 |
| MCB | 00003 | 7,300 | -100 | -1.35% | 7,300 | 7,300 | 7,300 | 61 | 445,300 | 10,400,986 | 75,927 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 41 | 75,850 | 29,664,613 | 54,880 |
| TMH | 00005 | 2,800 | -50 | -1.75% | 2,800 | 2,800 | 2,800 | 250 | 700,000 | 12,823,224 | 35,905 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,550 | 1,650 | 1,550 | 1,160 | 1,868,000 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +50 | +1.27% | 3,900 | 4,000 | 3,900 | 201 | 784,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,050 | 3,100 | 3,050 | 451 | 1,378,100 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 16th Jun. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 343.99 | -0.08 | -0.02% | 342.29 | 343.99 | 341.74 | 3,398 | 11,205,650 | 8 | 648,824 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 16th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 3,399 (Shares) | 11,208,800 (MMK) |

### Main Board

As of 1:00 pm, 16th Jun. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,398 (Shares) | 11,205,650 (MMK) |

| MYANPIX | 343.99 ▼ 0.08 |
|---|---|
| Total Volume (shares) | 3,398 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 648,824 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,600 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,300 | ▼ 100 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,800 | ▼ 50 |
| EFR | 00006 | 1,650 | ▲ 50 |
| AMATA | 00007 | 4,000 | ▲ 50 |
| MAEX | 00008 | 3,100 | ▲ 0 |